**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

## Air Conditioner တင်ဒါတင်သွင်းခြင်းအတွက် သိရှိလိုက်နာဆောင်ရွက်ရမည့်တင်ဒါစည်းကမ်းချက်များ

၁။ တင်ဒါတင်သွင်းသူတိုင်းသည် ကုမ္ပဏီဆိုင်ရာလုပ်ငန်းအချက်အလက်များနှင့် နည်းပညာ စံချိန်စံညွှန်းဆိုင်ရာအချက်အလက်များ (Company Profile and Technical Specification) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီ ချိတ်ပိတ်၍ တင်ဒါတင်သွင်းသည့် ပုံစံနှင့်အတူ (၁၅ - ၁၂ -၂၀၂၀) ရက်နေ့ (၁၆ : ၀၀) နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့်သုတေသနဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်ဟု လိပ်မူလျက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့်သုတေသနဦးစီးဌာနသို့ ကိုယ်တိုင်လာရောက်ပေးသွင်းရမည်။ သတ်မှတ်ချိန်ထက်ကျော်လွန်ပြီးမှ ရောက်ရှိလာသောတင်ဒါများအား လုံးဝ (လုံးဝ) လက်ခံမည်မဟုတ်ပါ။

၂။ ကုမ္ပဏီဆိုင်ရာလုပ်ငန်းအချက်အလက်များနှင့်နည်းပညာစံချိန်စံညွှန်းဆိုင်ရာအချက်အလက်များစာအိတ်တွင် အောက်ဖော်ပြပါ အချက်အလက်များကို မပျက်မကွက် ထည့်သွင်းဖော်ပြရမည်-

(က) ကုမ္ပဏီမှတ်ပုံတင် (မိတ္တူပူးတွဲတင်ပြရန်)၊

(ခ) ကုမ္ပဏီအကြီးအကဲ(ပိုင်ရှင်)အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) ကုမ္ပဏီ၏ဖွဲ့စည်းပုံနှင့်ဝန်ထမ်းအင်အား၊ တင်ဒါတင်သွင်းသူ၏ အတွေ့အကြုံကိုပါ တစ်ပါတည်း ထည့်သွင်းဖော်ပြရန်၊

(ဃ) ရောင်းချမည့်ပစ္စည်း၏ စစ်မှန်မှုအား Main Distributer မှ အသိအမှတ်ပြုထားသည့် Manufacture Authorized Letter တင်ပြရန်၊

(င) ငွေကြေးလည်ပတ်သုံးစွဲမှုနှင့်ပတ်သက်၍ ကုမ္ပဏီမှ ဘဏ်တွင်အပ်နှံထားသည့် Bank Statement တင်ပြရန်၊

(စ) အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဆ) တင်သွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်များ (Specification) (ပူးတွဲပါ ပုံစံ အတိုင်းဖြည့်စွက်၍ တင်ပြရန်ဖြစ်ပါသည်။) နှင့် ဓါတ်ပုံ(သို့မဟုတ်) Catelogue၊

(ဇ) တင်ဒါအာမခံကြေး ၁% ပေးသွင်းထားသည့် ဘဏ်ချလံ(မူရင်း)၊

၃။ ကုမ္ပဏီဆိုင်ရာလုပ်ငန်းအချက်အလက်များနှင့် နည်းပညာစံချိန်စံညွှန်းဆိုင်ရာ အချက် အလက်များစာအိတ်တွင် မလိုအပ်သည့် စာရွက်စာတမ်းများနှင့် တင်သွင်းမည့်ပစ္စည်း၏ အဆိုပြုဈေးနှုန်းများကို ထည့်သွင်းဖော်ပြခြင်းမပြုရ၊ မှားယွင်းထည့်သွင်းထားသော ကုမ္ပဏီ များအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ ဈေးနှုန်းအဆိုပြုလွှာတွင် အောက်ဖော်ပြပါအချက်အလက်များ ပါရှိရမည်-

(က) တင်သွင်းမည့်ပစ္စည်းများသည် နောက်ဆက်တွဲပါ သတ်မှတ်ထားသည့် အမျိုး အမည်၊ အရည်အသွေး(Specification) အနိမ့်ဆုံးဖြင့် ကိုက်ညီပြီး တင်သွင်း နိုင်မည့် အနိမ့်ဆုံးဈေးနှုန်းအား ကိန်းဂဏန်း (မြန်မာကျပ်ငွေ) ဖြင့် ဖော်ပြ ရမည့်အပြင် စာသားဖြင့်ပါ တိကျစွာ ရေးသားဖော်ပြထားရမည်။

(ခ) တင်ဒါအဆိုပြုလွှာတင်သွင်းသူသည် ဆက်စပ်ပစ္စည်းတန်ဖိုးများ တင်ပြရ မည်။ ပစ္စည်းများတပ်ဆင်မည့်နေရာအရောက် ဈေးနှုန်းတင်ပြရမည်။ အထက် ဖော်ပြပါဈေးနှုန်းများအား Minimum Requirement တင်ပြရမည်။

(ဂ) တင်ဒါအောင်မြင်သူအနေဖြင့် အတည်ပြုထားသည့်ဈေးနှုန်းကို ပြင်ဆင် ပြောင်းလဲခြင်း မပြုရပါ။

(ဃ) ဈေးနှုန်းတည်တံ့မှုကာလမှာ ( ) လ ဖြစ်ကြောင်းဖော်ပြပါရှိရမည်။

၅။ နည်းပညာဆိုင်ရာ အောင်လက်မှတ်ရရှိသော တင်ဒါတင်သွင်းသူများ၏ ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာများအား တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီမှ လုပ်ငန်းရှင်များအားလုံး၏ ရှေ့မှောက်တွင် စစ်ဆေးမည်ဖြစ်ပါသည်။ ဌာနမှ Quality and Cost Based Solutions Methods ဖြင့် ရွေးချယ်သွားမည်ဖြစ်ပါသည်။ အဆိုပါနေ့ရက်တွင် တင်ဒါတင်သွင်းသူအားလုံးမှ ပိုင်ရှင်(သို့မဟုတ်) ရှင်းလင်းတင်ပြ ဆုံးဖြတ်ပေးနိုင်သည့် ပုဂ္ဂိုလ်ကိုယ်တိုင်မပျက်မကွက် လာရောက်ရပါမည်။ နည်းပညာနှင့်စပ်လျဉ်း၍ (၁၀) မိနစ်ခန့် Presentation တင်ပြပေးရမည်ဖြစ်ပါသည်။

၆။ နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း (Black List) တင်သွင်းထားသော ကုမ္ပဏီ/ လူပုဂ္ဂိုလ်ဖြစ်ပါက တင်ဒါအောင်မြင်ပြီးဖြစ်သော်လည်း ပယ်ဖျက်မည်ဖြစ်သည်။

၇။ တင်ဒါတင်သွင်းသူမှ တင်ဒါအာမခံကြေး (တင်ဒါတန်ဖိုး၏) ၁% ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် သတ်မှတ်ချက်နှင့်အညီ ကြိုတင်ပေးသွင်းထားရမည်။ တင်ဒါအာမခံကြေး ၁ % ပေးသွင်းထားသည့် ချလံမိတ္တူကို တင်ဒါလျှောက်လွှာ တင်သွင်းချိန်တွင် တင်ပြရမည်။

၈။ တင်ဒါမအောင်မြင်သော တင်ဒါတင်သွင်းသူများအား တရားဝင်အကြောင်းကြားပြီး ၎င်းတို့ပေးသွင်းထားသော တင်ဒါအာမခံကြေးကို (၇) ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ တင်ဒါအောင်မြင်သောသူသည် လုပ်ငန်းအာမခံကြေး Performance Guarantee (PG)၊ တင်ဒါအောင်တန်ဖိုး၏ ၁၀% ကို တင်ဒါစာချုပ်မချုပ်ဆိုမီ ကြိုတင်ပေးသွင်းထားရမည်။

၁၀။ တင်ဒါအောင်မြင်သူနှင့်လုပ်ငန်းအပ်နှံခြင်းစာချုပ်ကို တင်ဒါအောင်မြင်သည့်နေ့မှ(၁၀) ရက်အတွင်း နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး စာချုပ်တံဆိပ်ခေါင်းတန်ဖိုးအား လုပ်ငန်းလက်ခံသူက ကျခံရမည်။ တင်ဒါအောင်မြင်သူသည် စာချုပ်လာရောက်

ချုပ်ဆိုရန် ပျက်ကွက်ပါက ယင်းမှတင်သွင်းထားသည့် တင်ဒါအာမခံငွေအား နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းမည်ဖြစ်သည်။

၁၁။ တင်ဒါအောင်မြင်သူမှ ၅% ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ပြီးသည့် ချလံတင်ပြမှသာလျှင် ပစ္စည်းတန်ဖိုးငွေမှ ၂% ဝင်ငွေခွန် (Withholding Tax) ဖြတ်တောက်၍ အခွန်ရုံးသို့ပေးသွင်းပြီး ကျန်ငွေအား ဝယ်ယူသူမှ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ပေးချေမည်ဖြစ်ပါသည်။

၁၂။ စာချုပ်ပါပစ္စည်းအားလုံးပေးသွင်းပြီး သက်ဆိုင်ရာဌာနမှ Good Acceptance Certificate ရရှိပြီးမှသာ တင်သွင်းထားသော လုပ်ငန်းအာမခံကြေး(၁၀%) Peformance Guarantee ကို (၁)ပတ်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၁၃။ တင်ဒါအောင်မြင်သူသည် တင်ဒါစာချုပ်ချုပ်ဆိုပြီး ရက်ပေါင်း (၆၀) အတွင်း ပစ္စည်းများကို အပြည့်အဝတင်သွင်းအပ်နှံရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သူသည် သတ်မှတ်ထားသည့်ကာလအတွင်း ပစ္စည်းမအပ်နိုင်ပါက နောက်ကျကြေးအဖြစ် ဒဏ်ကြေးငွေပေးဆောင်ရမည်။ ရက်လွန်ကြေးတစ်ရက်လျှင် ပေးသွင်းရန် ကျန်ပစ္စည်းတန်ဖိုး၏ (၀.၀၁%)ကို တင်သွင်းသည့် ကုမ္ပဏီဘက်မှ ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

၁၄။ တင်ဒါအောင်မြင်သူသည် စာချုပ်ပါစည်းကမ်းချက်များအား လိုက်နာရန် ပျက်ကွက်ပါက စာချုပ်ဖျက်သိမ်းမည့်အပြင် Performance Guarantee (PG) ကိုလည်း နိုင်ငံတော် ဘဏ္ဍာငွေသို့ ပေးသွင်းသွားမည်ဖြစ်သည်။

၁၅။ တင်ဒါအောင်မြင်သူသည် လုပ်ငန်းလက်ခံဆောင်ရွက်နေစဉ်ကာလအတွင်း ကုမ္ပဏီ၏ အားနည်းချက်များနှင့် လုပ်ငန်းချို့ယွင်းချက်များဖြစ်ပေါ်လာပါက တင်ဒါကော်မတီ၏ အဆုံးအဖြတ်အတိုင်း လိုက်နာဆောင်ရွက်သွားရမည်။

၁၆။ ပစ္စည်းများကို အပ်နှံချိန်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှ စစ်ဆေးအတည်ပြုပြီးမှသာ လက်ခံမည်ဖြစ်ပါသည်။

၁၇။ တင်ဒါအောင်မြင်သူသည် တင်သွင်းရမည့် ပစ္စည်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊နေပြည်တော်သို့ အရောက်ပေးပို့ရမည်ဖြစ်သည်။ ပစ္စည်းများအားလုံး ရောက်ရှိစိစစ်လက်ခံပြီး၊ အဆင်ပြေမှသာ တစ်ပတ်အတွင်းဝယ်ယူသူမှ ငွေပေးချေခြင်း ပြုလုပ်မည် ဖြစ်ပါသည်။

၁၈။ တင်ဒါအောင်မြင်သူသည် တင်သွင်းရမည့် ပစ္စည်းများအား တစ်ဆင့်ခံကန်ထရိုက် ထပ်မံ ပေးအပ်ခြင်းမပြုရ။

၁၉။ တင်ဒါအောင်မြင်သူမှ ပစ္စည်းများလာရောက်ပေးသွင်းရာတွင် အမျိုးအစားမှန်ကန်မှု ရှိ/မရှိကို ကျွမ်းကျင်သူများဖြင့် အသေးစိတ်စစ်ဆေးလက်ခံမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ပစ္စည်းများကို လက်ခံမည်မဟုတ်ပါ။ ကွဲလွဲနေသော ပစ္စည်းများအတွက် မူလသတ်မှတ်ချက်အတိုင်း ပြန်လည်ပေးသွင်းရမည်။

၂၀။ တင်ဒါအောင်မြင်သူသည် ပစ္စည်းများတင်သွင်းပြီးနောက် အာမခံကာလအတွင်း ချို့ယွင်းမှု/ပျက်စီးမှု ဖြစ်ပေါ်လာပါက အခမဲ့လာရောက်ပြုပြင်ပေးရမည်ဖြစ်ပြီး အာမခံကာလကုန်ဆုံးပြီးနောက်ပိုင်း ချို့ယွင်းမှု/ပျက်စီးမှုအတွက် ပစ္စည်းဖိုးနှင့်လက်ခယူ၍ လာရောက်ပြုပြင်ပေးရမည်ဖြစ်သည်။

၂၁။ အိတ်ဖွင့်တင်ဒါများစိစစ်ရန် ကြေညာထားသည့် နေ့ရက်ရွှေ့ဆိုင်းရခြင်း ဖြစ်ပေါ်လာပါက တင်ဒါတင်သွင်းသူမှ လက်ခံရမည်ဖြစ်သည်။

၂၂။ အိတ်ဖွင့်တင်ဒါဖွင့်ဖောက်စိစစ်ခြင်းအား Zoom Application ဖြင့် ဆောင်ရွက်မည်ဆိုပါက တင်ဒါတင်သွင်းသူမှ လက်ခံရမည်ဖြစ်သည်။

၂၃။ အိတ်ဖွင့်တင်ဒါခေါ်ယူထားသော ပစ္စည်းများအား အရေအတွက်လျှော့၍ဖြစ်စေ၊ တိုး၍ဖြစ်စေ ဝယ်ယူခြင်းကို တင်ဒါတင်သွင်းသူမှ လက်ခံရမည်။

၂၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တင်ဒါကော်မတီသည် တင်သွင်းလာသည့် အိတ်ဖွင့်တင်ဒါများအား စိစစ်ခြင်း၊ ရွေးချယ်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်တစ်ဖန်ပြန်လည်

ခေါ်ယူခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည့်အပြင် ယင်းအဖွဲ့၏ အဆုံးအဖြတ်သာ အတည်ဖြစ်သည်။

၂၅။ မရှင်းလင်းသည့် ကိစ္စရပ်များနှင့် အသေးစိတ်သိရှိလိုပါက ၀၆၇၃-၄၀၇၃၂၇ နှင့် ၀၆၇၃-၄၀၇၃၂၃ သို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

**ဝယ်ယူမည့်ပစ္စည်း**

| **စဉ်** | **Lot အုပ်စု** | **ပစ္စည်းအမျိုးအမည်** | **အရေအတွက်** |
|---|---|---|---|
| ၁။ | Lot (1) | **Air Conditioner**<br>- 2 HP, Split Type, Inverter & Safe Guard<br>- Warranty : 1 year parts & service<br>- Next 2 years service<br>- 3 years compressor only | ၃၀ လုံး |